**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၂ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ **(ဂ)**နှင့် ပုဒ်မ ၉၂ ၊ ပုဒ်မခွဲ **(ခ)**တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက် နည်းပညာဆိုင်ရာဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များ ဖြင့်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်တစ်ဦး<br>သတင်းအချက်အလက်၊ နည်းပညာနှင့်<br>ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြန်ကြားရေးဝန်ကြီးဌာန

(င) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန



(စ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပညာရေးဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ပညာရေးဝန်ကြီးဌာန

(ဋ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဌ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

အဆောက်အဦ ဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဎ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ဏ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်



(တ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ထ) ကိုယ်စားလှယ် (၅) ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ဒ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)

(ဓ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

(န) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(ပ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(ဖ) ဦးသန့်ဇင် အဖွဲ့ဝင်

Peace Myanmar Aid Foundation

(ဗ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)

(ဘ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမျက်မမြင်အသင်း

(မ ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာန

(ယ) ကိုယ်စားလှယ်တစ်ဦး တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

**၂။ သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များ



နှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ ) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် နည်းပညာအရင်း အမြစ်များ ရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်

စွမ်းသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းခြင်း၊ လုပ်ငန်း ကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

(ဂ) မသန်စွမ်းသူများ အလွယ်တကူအသုံးပြုနိုင်သော ဝန်ဆောင်မှုများပေးအပ်နိုင်ရန်၊ စနစ် များ တပ်ဆင်အသုံးပြုနိုင်ရန်၊ ပုံစံများသတ်မှတ်ပြဋ္ဌာန်းနိုင်ရန်၊ အထောက်အပံ့ပစ္စည်း များ ထုတ်လုပ်နိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်း နည်းပညာများတိုးတက် ဖွံ့ဖြိုးလာစေရန်အတွက် နည်းပညာရရှိရေးနှင့် သုတေသနပြုလုပ်နိုင်ရေး သက်ဆိုင်ရာ နှင့်ညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားတိုးတက်ဖွံ့ဖြိုးရေးနှင့် မျက် မမြင်များအတွက် လက်စမ်းစာပေ တိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာနှင့် ကျွမ်း ကျင်သူများထံမှ နည်းပညာနှင့် အထောက်အပံ့များရရှိရန် ညှိနှိုင်းခြင်း၊ လုပ်ငန်း ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နည်းပညာနှင့် အထောက်အပံ့များရရှိရန် သက်ဆိုင်ရာနှင့် ကျွမ်းကျင်သူအား ညှိနှိုင်းခြင်း၊ လုပ်ငန်း ကော်မတီ သို့ အစီရင်ခံတင်ပြခြင်း၊

(စ) မသန်စွမ်းအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်မားလာစေရေး၊ ပုဂ္ဂလိကပညာသင် အထူးကျောင်းများ၊ ပုဂ္ဂလိက အသက်မွေးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကပြန်လည် ထူထောင်ရေးဌာနများ ဖွံ့ဖြိုးလာရေးတို့အတွက် နည်းပညာနှင့် အထောက်အပံ့ရရှိရေး အကူအညီပေးခြင်း၊ သက်ဆိုင်ရာကျွမ်းကျင်သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်း ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများ လုံခြုံလွယ်ကူ စွာအသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်လုပ်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်း ဆိုင်ရာ အတွေ့အကြုံနှင့် နည်းပညာများ တာဝန်ရှိဌာနများတွင် တိုးတက်ဖွံ့ဖြိုးလာ စေရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်

ညှိနှိုင်းပေးခြင်း၊ လိုအပ်ချက်များအား အကြံပြုခြင်းနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးနှင့် အများပြည်သူပို့ဆောင်ရေးကဏ္ဍ တို့တွင် မသန်စွမ်းသူများလွယ်ကူစွာ သွားလာသုံးစွဲနိုင်ရန်အတွက် နည်းပညာများ ဖွံ့ဖြိုးလာစေ

ရေးအတွက် သက်ဆိုင်ရာကျွမ်းကျင်သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) မသန်စွမ်းသူများအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့် နည်းပညာနှင့် အထောက်အပံ့များရရှိရေး သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အလှူရှင်များအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြခြင်း၊

(ည) မသန်စွမ်းမှု မဖြစ်ပေါ်စေရန်နှင့် မသန်စွမ်းသူများ၏ လုပ်ငန်းခွင်များတွင် ဘေးကင်းလုံခြုံမှုရှိစေရန် လုံလောက်သောအကာအကွယ်ရရှိရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ နည်းပညာအသုံးချမှု တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာကျွမ်းကျင် သူများအား ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) မသန်စွမ်းအားကစားနည်းအလိုက် နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ ၂-၄/၁၀၅(မသန်စွမ်း)/၁၅၁၂၃

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

**<u>ဖြန့်ဝေခြင်း</u>**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး



ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင်<br>ထည့်သွင်းကြေငြာပေးပါရန်။ |

အမိန့်အရ

ဒေါက်တာဝင်းမြတ်အေး

ဒုတိယဥက္ကဋ္ဌ (၁)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ